# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 13, 2019 | Volume 23, Number 10


**၁၃.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/ကျပ် |
| CBM Rate | = ၁၅၃၀.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၅.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၂၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## အမျိုးသားပို့ကုန်မဟာဗျူဟာ၏ အရေးကြီးသီးနှံစာရင်းတွင် ကြက်သွန်ဖြူကဏ္ဍပါဝင်လာရေးဆောင်ရွက်နေ

အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy – NES) ၏ အရေးကြီးသီးနှံများထဲတွင် ပြည်တွင်းထုတ်လုပ်မှုရှိသည့် ကြက်သွန်ဖြူကဏ္ဍပါဝင်လာရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ကြက်သွန်ဖြူက သိပ်ကြီးမားတဲ့ ပို့ကုန်တော့မဟုတ်ပါဘူး။ သို့သော် သူကပြည်တွင်းထုတ်လုပ်မှုရှိတယ်။ ပြည်ပကဝင်လာရင် ထုတ်လုပ်သူထိခိုက်တယ်။ ဒါကြောင့် ပြည်တွင်းကတောင်သူလယ်သမားတွေရဲ့ ထုတ်လုပ်မှုကို မထိခိုက်အောင်၊ ဈေးကွက်ရရင်ရသလို တင်ပို့နိုင်အောင် သူ့ကိုလေ့လာပြီး အကူအညီပေးတဲ့ ကဏ္ဍတစ်ခုအနေနဲ့စပြီးဆောင်ရွက်ပေးနေတာပါ။ အမျိုးသားပို့ကုန်မဟာဗျူဟာထဲကို အပြည့်အဝထည့်လိုက်တာတော့မဟုတ်သေးဘူးဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်မြှင့်တင်နိုင် ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy – NES) တွင် အလားအလာရှိသည့် ပို့ကုန်အမယ်များကိုသတ်မှတ်ကာ ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင်ကုန်စည်များ ၏ ပြည်တွင်းထုတ်လုပ်မှုပိုင်း၊ ကုန်သွယ်မှုပိုင်းဆိုင်ရာ သတင်းအချက် အလက်များ၊ ကုန်စည်များ၏ ပြည်တွင်း၊ ပြည်ပဈေးကွက် အခြေအနေစသည့် သတင်းအချက်အလက်များကိုလေ့လာကာ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ကြက်သွန်ဖြူကို အလားအလာရှိတယ်ဆိုရင်တော့ NESမှာထည့်မယ်။ သို့သော်လည်း ပို့ကုန်မဟာဗျူဟာဆိုတာ သိပ်အများကြီးမပို့နိုင်ဘဲနဲ့၊ ထည့်ပြန်ရင်လည်း အရေးကြီးတဲ့ အမယ်တွေကို မလုပ်နိုင်မှာစိုးရတယ်။ ဒါကြောင့်မို့ လိုအပ်တဲ့အတိုင်းအတာ အလျောက် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာရှိတဲ့ကုန်သွယ်မှု ဗဟိုဌာနခွဲတွေက တင်ပို့မှုမြှင့်တင်နိုင်ရေးအတွက် အကူအညီပေးသွားမယ်ဟု ဦးအောင်စိုးက ဆက်လက်ပြောဆိုသည်။ ကြက်သွန်ဖြူကို တရုတ်၊ထိုင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်အဓိက တင်ပို့နေပြီး၊ ဗီယက်နမ် ိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံကိုလည်း အထိုက်အလျောက်တင်ပို့နေကြောင်း တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် နှစ်သောင်းကျော်မှ သုံးသောင်းဝန်းကျင်အထိတင်ပို့နေကြောင်း မြန်မာနိုင်ငံစားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရသည်။ သို့သော် ယခုနှစ်တွင် ပြည်ပဝယ်လိုအားကျ၍ တင်ပို့မှုလျော့ကျနိုင်ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဦးခင်ဟန်ကဆိုသည်။

NES စီမံချက်တွင် ကနဦးအနေဖြင့် ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ ရာဘာ၊ အထည်အလိပ်နှင့် အဝတ်အထည်စသည့်တို့ကို ကနဦးဦးစားပေး ပို့ကုန်အမယ်များအဖြစ် သတ်မှတ်ထည့်သွင်းခဲ့ပြီး၊ အခုအခါတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်နှင့် Food Processing ကဏ္ဍတို့ကို ထပ်မံတိုးချဲ့ထည့်သွင်းထားပြီးဖြစ်ကြောင်းသိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ထို့အပြင် ဝန်ဆောင်မှုပိုင်း၌ ဦးစားပေးကဏ္ဍအဖြစ် ခရီးသွားလုပ်ငန်းကိုပါ ထည့်သွင်းဆောင်ရွက်နေပြီး အဆိုပါ ဦးစားပေးကဏ္ဍများကို အထောက်အကူပြုမည့် ဝန်ဆောင်မှုကဏ္ဍများအဖြစ် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးဝန်ဆောင်မှု၊ ကုန်သွယ်မှုသတင်းအချက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့ခြင်းနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးစသည့်ကဏ္ဍများကိုလည်း NES တွင် ထည့်သွင်းထားကြောင်းသိရသည်။ အဆိုပါစီမံချက်ကို ဂျာမနီနိုင်ငံ GIZ ၏ ငွေကြေးအထောက်အပံ့နှင့် နိုင်ငံတကာကုန်သွယ်မှုစင်တာ ( International Trade Center– ITC) က နည်းပညာအကူအညီတို့ဖြင့် ၂၀၁၃ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းကာလများတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy–NES)၏ လုပ်ငန်းစီမံချက်များအတွက် ဝင်ရောက်အကူအညီပေး သည့် နိုင်ငံတကာအဖွဲ့အစည်းများစွာရှိလာကြောင်းသိရသည်။

**Sources:** http://www.mizzimaburmese.com/article/60439

## ၆၄ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲ "64th Bangkok Gems & Jewellery Fair (BGJF-2019)" ကျင်းပပြီးစီး




(၆၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှ ၁၄ ရက်ထိ Mung Thong Thani (IMPACT) Exhibition Hall တွင် ကျင်းပခဲ့သည်။ ယင်းပြပွဲကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ (Department of International Trade Promotion-DITP) မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၁ ရက်နေ့တွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Jurin Laksanawisit က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုင်းနိုင်ငံစီးပွားရေးသံရုံးမှ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ဖိတ်ကြားခဲ့၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီ ၁၅ ခု မှ ပြခန်း (၁၀)ခန်း အခမဲ့ပြသခွင့်ရရှိခဲ့သည်။

ဘန်ကောက်ကျောက်မျက်ရတနာပြပွဲသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကုမ္ပဏီများလာရောက်ပြသရောင်းဝယ်ကြ၍ ကမ္ဘာတွင် နာမည်အကျော်ကြားဆုံးနှင့်ကြီးကျယ်အခမ်းနားဆုံးဖြစ်ကြောင်းသိရသည်။

ထိုင်းနိုင်ငံအပြင် ဟောင်ကောင်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်္ကာပူ၊ တရုတ် ၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်နှင့် တူရကီစသည့်နိုင်ငံများမှ ကျောက်မျက်ရတနာရောင်းဝယ်ကြသည့် လက်လီ/လက်ကားကုန်သည်များ၊ ဖက်ရှင်ဒီဇိုင်နာများ၊ ရွှေ ငွေ ကျောက်မျက်လက်ဝတ်ရတနာထည်များ၊ ကျောက်မျက်လုပ်ငန်းသုံးစက်ကိရိယာများမှ ကုမ္ပဏီပေါင်း ၉၀၀ ၊ ပြခန်း ၂၂၀၀ လာရောက်ပြသရောင်းဝယ်ခဲ့သည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်နေ့ထိ ကုန်သည်၊ လုပ်ငန်းရှင်များကိုသာ ဝင်ခွင့်ပြုခဲ့ပြီး၊ စက်တင်ဘာ ၁၃-၁၄ ရက်မှသာ အများပြည်သူကို ကြည့်ရှုလေ့လာခွင့်ပြုခဲ့သည်။ ပြပွဲကာလအတွင်း သွားလာရေးအဆင်ပြေချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်နေရာများနှင့် အင်တာနက်အခမဲ့သုံးစွဲရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန**

## တရုတ်နှင့်ဂျပန်နိုင်ငံတို့မှ "ဝဥ" ဝယ်လိုအားကောင်းနေ

လက်ရှိအချိန်တွင် တရုတ်နှင့်ဂျပန်နိုင်ငံတို့မှ ဝဥခြောက်ဝယ်ယူမှုများပြားနေသည့်အတွက် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ ပွဲရုံများမှသိရသည်။ လက်ရှိအချိန်တွင် ဝဥများ စတင်ထွက်ရှိလာပြီဖြစ်ပြီး ယခုနှစ်တွင်အထွက်နှုန်းနည်းနေခြင်းကြောင့်လည်း ဈေးကောင်းရနေခြင်းဖြစ်သည်။ ဒီနှစ်က စပေါ်ချိန်မှာပဲ တရုတ်နဲ့ဂျပန်နိုင်ငံတွေက ဝယ်ယူတာလိုက်လာလို့ အဖွင့်ဈေးကောင်းရတယ်လို့ပြောရမယ်။ ဒါ့အပြင် အထွက်နှုန်းကနည်းတော့ ပိုဈေးရတာဖြစ်တယ်။ ဝဥမှာအကောင်းဆုံးဖြစ်တဲ့ ဝဥခြောက် အဝါရောင်ဆိုရင် ဒီနှစ်မှာ တစ်ပိဿာကို ၁၀၇၀၀ ကျပ်အထိ အမြင့်ဆုံးဈေးရရှိနေပါတယ်ဟု အောင်မျိုးနိုင်ပွဲရုံပိုင်ရှင် ဦးမျိုးမြင့်ကပြောသည်။

ယခင်နှစ် စက်တင်ဘာလက ဝဥခြောက် တစ်ပိဿာလျှင် ၇၀၀၀ ကျပ်သာ ရှိခဲ့ပြီး လက်ရှိ ဝဥခြောက် အဝါရောင် ၁၀၇၀၀ကျပ်၊ အဖြူရောင် ၁၀၀၀၀ကျပ်၊ အနီရောင် ၉၀၀၀ ကျပ် ဈေး အသီးသီး ရှိနေသည်။ ဒေသပေါင်းစုံကထွက်တဲ့ ဝဥတွေ ဈေးကွက်ထဲကိုဝင်လာပြီ။ မနှစ်ကလောက် ထွက်နှုန်းကမကောင်းပေမယ့် အဝယ်က ဒီနှစ်မှာများတော့ စိုက်တဲ့သူတွေ အဆင်ပြေကြတာပေါ့။ ဒါတောင် တရုတ်လိုင်းက ကောင်းကောင်းမပွင့်သေးလို့ ။ အဲလိုပွင့်လာရင် ဒီထက်ဈေးကကောင်းလာနိုင်မယ်ထင်တယ်ဟု ၎င်းကဆက်လက်ပြောသည်။

ဝဥပင်ကို မြစ်ကြီးနား၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ ဝန်းသိုနှင့် မော်လမြိုင်တို့တွင် အများစုစိုက်ပျိုးပြီး နှစ်စဉ် ဩဂုတ်လမှ အောက်တိုဘာအတွင်း ထွက်ရှိကာ ချင်းပြည်နယ်တွင်မူ စက်တင်ဘာတွင်စိုက်ပျိုးကာ ဇန်နဝါရီကုန်ပိုင်းတွင်ထွက်ရှိသည်။ ဝဥက အလေ့ကျပေါက်တာပဲဖြစ်ဖြစ် သေသေချာချာစိုက်ပျိုးထားတာပဲဖြစ်ဖြစ် တူးပြီး ခွဲခြမ်း အခြောက်လှန်းပြီးတော့ ဈေးကွက်ထဲကို ရောင်းလို့ရတဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့လည်း အပိုဝင်ငွေ တခုအနေနဲ့ရှာဖွေနိုင်တာပေါ့ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကလည်းပြောသည်။

**Sources: The Farmer Journal.**

https://www.facebook.com/myanmaawba/?ref=page_internal

## ပြည်တွင်းဝယ်လိုအားတက်လာတာကြောင့် ပဲဈေးနှုန်းများပြန်တက်လာ

ယခင်တစ်ပတ်ကထက် ပဲဈေးနှုန်းများမှာ ပြည်တွင်းဝယ်လိုအားတက်လာတာကြောင့် ဈေးနှုန်းများပြန်တက်လာတာဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ သိရပါတယ်။ မြန်မာ့ပဲကို အောက်တိုဘာလကုန်ထိသာ တင်ပို့ရမှာဖြစ်တဲ့အတွက် ပြည်တွင်းဝယ်လိုအားများ လိုက်လာတာကြောင့် ဈေးနှုန်းများပြန်တက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောပါတယ်။ အခုတစ်ပတ်အတွင်း ပဲဈေးနှုန်းတွေပြန်တက်လာတယ်။ ဝယ်လိုအားလိုက်လာတာလည်းပါတယ်။ အိန္ဒိယကိုလည်း အောက်တိုဘာ(၃၁)ရက်အမီပို့ရမယ်ဆိုတော့ ကုမ္ပဏီတွေကပြန်ဆွဲဝယ်တာတွေလည်း ရှိတော့ ဈေးကအရင်တစ်ပတ်ကထက်တက်လာတာပါ။

မတ်ပဲတစ်တန်ကို အရင်တစ်ပတ်က ၇၁၅၀၀၀ ကျပ်ရှိရာမှ ၇၆၀၀၀၀ ကျပ်တက်လာကြောင်း ၊ ပဲစဉ်းငုံတစ်တန်ကို ၈၁၀၀၀၀ ကျပ်မှ ၈၃၅၀၀၀ကျပ်တက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းရဲ့စာရင်းများအရသိရပါတယ်။ မြန်မာ့ပဲကို အိန္ဒိယကို အဓိကထားတင်ပို့နေတာဖြစ်ပြီး အခြားပြည်ပနိုင်ငံများကိုလည်းတင်ပို့နေကြောင်း အဆိုပါအသင်းမှသိရပါတယ်။

**Sources:** https://www.facebook.com/a9biz/

## အရက်၊ ဘီယာနှင့်ဝိုင်တို့ကို တရားဝင်တင်သွင်းခွင့်ပြုတော့မည်

တရားဝင်တင်သွင်းခွင့်ပြုထားခြင်းမရှိသော်လည်း ပြည်တွင်းဈေးကွက်အတွင်း ရောက်ရှိနေသည့် နိုင်ငံခြားဖြစ်အရက်၊ ဘီယာ၊ ဝိုင်တို့နှင့်ပတ်သက်ပြီး လွှတ်တော်တွင် ထောက်ပြပြောဆိုမှုများရှိခဲ့ရာ အဆိုပါ အရက်၊ ဘီယာနှင့်ဝိုင်တို့ကို အကန့်အသတ်ဖြင့် တရားဝင်တင်သွင်းခွင့်ပြုရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ အကန့်အသတ်ဖြင့် အရက်၊ ဘီယာနှင့်ဝိုင်တို့ကို တရားဝင်တင်သွင်းခွင့်ပြုရေး ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ထုံးလုပ်နည်း ပြုစုရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်ဟု စက်တင်ဘာ ၁၂ ရက်နေ့က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ပြောသည်။ ယစ်မျိုးဥပဒေပေါ်ပေါက်လာရေးအတွက် အထောက်အ

ကူပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်းလည်းသိရသည်။

မြန်မာနိုင်ငံတွင် အရက်၊ ဘီယာနှင့်ဝိုင်တို့ကို တရားဝင်တင်သွင်းခွင့်ပြုမထားသော်လည်း နိုင်ငံခြားဖြစ်အရက်မျိုးစုံအပြင် ဘီယာနှင့်ဝိုင်တို့လည်း တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ပြည်တွင်းဈေးကွက်သို့ ရောက်ရှိနေလျက်ရှိသည်။ တရားဝင်တင်သွင်းခြင်းမဟုတ်သဖြင့် အဆိုပါနိုင်ငံခြားအမှတ်တံဆိပ်အရက်များအပေါ် စိတ်ချယုံကြည်ရန်ခက်ခဲသည့်အပြင် အရည်အသွေးမမီသော အတုအပများထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများကြောင့်လည်း အခွန်ရရှိမှုကိုပါထိခိုက်စေနိုင်ကြောင်း စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက ထောက်ပြထားခဲ့သည်။ အခွန်ဟာ လျှော့ကောက်မှ အခွန်များများရပါမယ်။ အရက်အရည်အသွေးကောင်းကောင်းသောက်မှ နောက်နေ့မှာ ခေါင်းနှစ်ဆကြည်မှာပါဟု ၎င်းကပြောကြား ခဲ့သည်။

ထို့ကြောင့်လည်း အထူးကုန်စည်ခွန်အတွင်း ထည့်သွင်းထားသည့် တစ်လီတာတန်ဖိုး ကျပ် ၁၅၀၀၀ နှင့် အထက်ရှိ သောအရက်အမျိုးမျိုးအပေါ် သတ်မှတ်ထားသည့်အခွန် ၆၀ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းသို့လျှော့ချရန် ၎င်းကပြောသည်။

ထို့အပြင် နိုင်ငံတကာတွင် နာမည်ကျော်အရက်များ ထုတ်လုပ်ဖြန့်ချီလျက်ရှိသော ကမ္ဘာကျော်ကုမ္ပဏီဖြစ်သည့် Johnnie Walker ကလည်း ၎င်းတို့အရက်များ တရားဝင်တင်သွင်းခွင့်ရရှိရန်အတွက် လွှတ်တော်တွင် လာရောက်ဆွေးနွေးခဲ့ ကြောင်း လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုကပြောသည်။ သူတို့အရက်တွေ ဒီနိုင်ငံမှာလည်း ရောက်နေတယ်ပေါ့။ တရားဝင်မဟုတ်ဘဲနဲ့ရောက်လာတာတွေဆိုတော့ သူတို့အနေနဲ့ သူတို့ထုတ်ကုန်တွေအပေါ်မှာ တာဝန်မခံနိုင်ဘူးဖြစ်နေတယ်ပေါ့။ ဒါကြောင့် သူတို့ထုတ်ကုန်တွေ တရားဝင်တင်သွင်းနိုင်ဖို့ လာဆွေးနွေးသွားတာပါဟု ၎င်းက မြန်မာတိုင်းမ်သို့ပြောကြားခဲ့သည်။ လက်ရှိတွင် အရက်၊ ဘီယာနှင့်ဝိုင်များ တရားမဝင်တင်သွင်းမှုကို ထိရောက်စွာတားဆီးနေသည်ဟုဆိုသော်လည်း ပြည်တွင်းတွင်ဝယ်ယူရရှိနေသည်။ ယစ်မျိုးဥပဒေပြဋ္ဌာန်းပြီး တရားဝင်တင်သွင်းခွင့်ပြုပြီးလျှင်မူ တရားမဝင်တင်သွင်းမှုများနှင့် အတုအပပြုလုပ်ရောင်းချမှုများအား ထိရောက်စွာတားဆီးသွားနိုင်မည်ဖြစ်ကြောင်း ဦးအောင်ထူးကပြောသွားခဲ့ သည်။

**Sources:** https://myanmar.mmtimes.com/news/128294.html

## ဂျပန်ရဲ့ ပို့ကုန်ကန့်သတ်မှုအတွက် တောင်ကိုရီးယားက WTO မှာ တိုင်ကြားမည်

ဂျပန်တို့ရဲ့ ပို့ကုန်ကန့်သတ်တင်းကျပ်မှုတွေနဲ့ပတ်သက်လို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ထံ တိုင်ချက်ဖွင့်သွားမှာဖြစ်ကြောင်း တောင်ကိုရီးယားက စက်တင်ဘာ ၁၁ ရက်မှာ ပြောကြားလိုက်ပါတယ်။ ယင်းတိုင်ကြားမှုတော့ လက်ရှိနှစ်နိုင်ငံအကြား ပိုမိုပြင်းထန်လာနေတဲ့ အငြင်းပွားမှုကို ပိုအရှိန်မြင့်သွားစေဖို့ရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအစောပိုင်းက တောင်ကိုရီးယားအပေါ် ပို့ကုန်ထိန်းချုပ်မှုတွေ တိုကျိုဘက်က ပိုမိုတင်းကျပ်ခဲ့ရာကနေစလို့ နှစ်နိုင်ငံဟာ ကုန်သွယ်ရေးနဲ့ သံတမန်ရေးတင်းမာမှုတွေကြားမှာ ပိတ်မိနေလျက်ရှိပါတယ်။ Samsung နဲ့ LG တို့လို တောင်ကိုရီးယားကုမ္ပဏီတွေရဲ့ အဓိကထုတ်ကုန်တွေဖြစ်တဲ့ memory chips တွေနဲ့ high-spec displays တွေ ထုတ်လုပ်ရာမှာလိုအပ်တဲ့ အဓိကဓာတုပစ္စည်းတွေအပေါ် ဂျပန်တို့ဘက်က တင်းကျပ်ခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက အတင်းအကျပ်လုပ်သားခိုင်းစေမှုအတွက်လျော်ကြေးပေးဖို့ ဂျပန်ကုမ္ပဏီတွေကို တောင်ကိုရီးယား တရားရုံးကညွှန်ကြားမှုတွေရှိခဲ့ရာကနေစပြီး ခုလိုပို့ကုန်ကန့်သတ်မှုတွေဖြစ်လာခဲ့တာဖြစ်ပါတယ်။

**Sources:** https://www.channelnewsasia.com/.../south-korea-to-file-wto-c...

SFJ Strategy First Journal

## မြန်မာ့ကြက်သွန်နီများအား တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူ

ရှမ်းမြောက်ဒေသတိုက်ပွဲများကြောင့် မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုရပ်နားထားရပြီး လက်ရှိတွင် တိုက်ပွဲများ ပြန်လည်ငြိမ်သက်သွားသည့်အတွက် ကြက်သွန်နီများအား ပြန်လည်ဝယ်ယူနေပြီဖြစ်ကြောင်း မန္တလေးမြို့ ကြက်သွန်နီပွဲရုံများထံမှသိရသည်။ ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်နေ့က ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းတံတား ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် တရုတ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုရပ်တန့်ခဲ့ရာမှ လက်ရှိတွင် တိုက်ပွဲများပြန်လည်ငြိမ်သက်သွားသဖြင့် မန္တလေးမြို့ပွဲရုံများကတစ်ဆင့် တရုတ်နိုင်ငံသို့ကြက်သွန်နီများ ပြန်လည်တင်ပို့နေပြီဖြစ်ကြောင်းသိရသည်။ ပြီးခဲ့တဲ့လက တိုက်ပွဲတွေဖြစ်ခဲ့တော့ တရုတ်အဝယ်ရပ်ပြီး အရောင်းအဝယ်လည်းမကောင်းဘူး။ တော်တော်လေး အဝယ်လည်းကျသွားတယ်။ အခုတရုတ်ကပြန်ဝယ်နေပြီဟု မန္တလေးမြို့ ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောသည်။

လက်ရှိတွင် မန္တလေးကြက်သွန်ဈေးကွက်သို့ စစ်ကိုင်းဒေသကြီး မုံရွာ၊ မြင်းမူဒေသများမှ ကြက်သွန်များ ဝင် ရောက်

နေပြီး ကြက်သွန်လှောင်သည့်ကာလ၌ မိုးရွာသွန်းမှုများပြားသည့်အတွက် ကြက်သွန်အရည်အသွေးကျဆင်းကာ ကြက်သွန်ဈေး ထပ်မတက်နိုင်သည့်အခြေအနေတွင်ရှိကြောင်းသိရသည်။ ဈေးကတော့ မတက်သေးဘူး။ ဒါကလည်း ကြက်သွန်စိုက်ဒေသတွေမှာ မိုးများတဲ့အတွက် ကြက်သွန်တောင်သူတွေ ပစ္စည်းလှောင်တဲ့အခါ အပျက်အစီးအထိအခိုက် များတဲ့အတွက်ကြောင့်ပါဟု ဦးဝင်းမြင့်ကပြောသည်။ လက်ရှိ မန္တလေးကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ထိပ်စ ၈၅၀ ကျပ်မှ ၉၀၀ ကျပ်၊ အောက်စ ၆၅၀ ကျပ်မှ ၇၀၀ ကျပ်ကြားရှိနေပြီး၊ လာမည့် မိုးကြက်သွန်နီ အသစ်ပေါ်မည့် နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် ရာသီဥတုကြောင့် ပျက်စီးမှုအခြေအနေပေါ်မူတည်၍ ကြက်သွန်နီဈေးအပြောင်းအလဲ ရှိနိုင်ကြောင်းသိရသည်။

**Sources:** https://www.facebook.com/amiamyanmar/posts/2433708423381306?__tn__=K-R

## မျိုးမြေပဲ ဈေးကြီး၊ ဆောင်းမြေပဲ အစိုက်နည်းနိုင်

မကွေးတိုင်းဒေသကြီး အချို့မြို့နယ်တွေမှာ ဆောင်းမြေပဲစိုက်ပျိုးချိန်ရာသီမှာ မြေပဲမျိုး ဈေးကြီးနေတဲ့အတွက် ဆောင်းမြေပဲစိုက်ပျိုးသူ နည်းနိုင်တယ်လို့ မြေပဲစိုက်တောင်သူတွေက ခန့်မှန်းကြပါတယ်။ မိုးဦးကျရိတ်သိမ်းတဲ့ နှမ်း၊ မြေပဲ ကလည်း ရာသီဥတုကမမှန်တဲ့အတွက်ကြောင့် ကျေးရွာအချို့မြေပဲမအောင်ကြဘူးလို့ တောင်သူအချို့ကပြောပါတယ်။ အမြတ်က ဘယ်ဆိုမှန်းမသိဘူး၊ အရင်းကတော်တော်များနေတဲ့အတွက် ဆောင်းမြေပဲစိုက်ပျိုးတဲ့လူ အခုနှစ်နည်းနိုင်ပါတယ်လို့ မကွေးမြို့နယ် ၊ မကြီးကန်ကျေးရွာက တောင်သူဦးသောင်းဌေးက ပြောပါတယ်။ တောင်သူတွေဟာ ဒီအချိန်မှာ မိုးဦးကျ စိုက်ပျိုးထားတဲ့ နှမ်း၊ မြေပဲတွေရိတ်သိမ်းပြီး ဆောင်းသီးနှံစိုက်ပျိုးချိန် ဖြစ်တယ်လို့သိရပါတယ်။ ဒီနှစ်ဆောင်းမြေပဲမျိုး ဈေးမှာ မြေပဲတစ်တင်း ကျပ် ၇၀၀၀၀ ဝန်းကျင်ရှိပြီး အရင်နှစ်ကထက် ဈေး ၂၀၀၀၀ ကျော်များနေတယ် လို့ တောင်သူအချို့ကပြောပါတယ်။ လက်ရှိမြေပဲဈေးနဲ့ မြေပဲတစ်ဧကစိုက်ပျိုးပါက မြေပဲမျိုးဈေး၊ မြေဩဇာ ဈေး၊ ထွန်ရှင်းခ၊ အလုပ်သမားခတွေ စုစုပေါင်းဆို ၁၀ သိန်းခန့်ကုန်ကျနိုင်တယ်လို့ မြေပဲစိုက်တောင်သူအချို့က ပြောပါတယ်။ ဆောင်းမြေပဲဈေးကကြီးတော့ တချို့တောင်သူတွေက မစွန့်စားရဲကြဘူး၊ မိုးဦးကျမှာ နှမ်း၊ မြေပဲမရတဲ့ သူတွေက ဆောင်းမြေပဲ မစိုက်ပျိုးတဲ့အတွက် မကွေးမြို့နယ်အတွင်းမှာ ဆောင်းမြေပဲစိုက်ပျိုးတဲ့ တောင်သူနည်းနိုင် ပါတယ်လို့ မကွေးမြို့နယ် သပြေစမ်းကျေးရွာမှ တောင်သူ ဦးမြင့်ကပြောပါတယ်။

ပြီးခဲ့တဲ့နှစ်တွေက မကွေးမြို့နယ်အတွင်း ဆောင်းရာသီမှာ ဆောင်းမြေပဲဧက ၁၀၀၀၀၀ အထိ စိုက်ပျိုးခဲ့တယ်လို့ မကွေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရပါတယ်။ မိုးဦးကျ စိုက်ပျိုးထားတဲ့ မြေပဲဈေးမှာ အတောင့် တစ်တင်း ကျပ် ၁၅၀၀၀ ဝန်းကျင်ခန့်ရှိပြီး အရင်နှစ်ကထက် ဈေးပိုရတယ်လို့ တောင်သူအချို့ကဆိုပါတယ်။ တောင်သူအချို့က ဆောင်းမြေပဲစိုက်ပျိုးဖို့ မြေပဲမျိုးဈေးကြီးလို့ အရင်းအနှီးနည်းတဲ့အခြားမျိုးတွေဖြစ်တဲ့ ပဲတီစိမ်း၊ ပဲလွမ်း၊ ပဲလက်ကောက်တွေကို အစားထိုးစိုက်ပျိုးကြတာမျိုးလည်းရှိနေတယ်လို့ သိရပါတယ်။

**Sources:** https://www.kumudranews.com/news-35116?fbclid=IwAR0uTIErK2cYsQYOIEhzjwSsQpP3N1KQO6u32aYNfCmjgvZGiqwy3Mxif-4

## အာဖရိကသို့ ဆန်စပါးဈေးကွက်ရှာဖွေရန် ကိုယ်စားလှယ်အဖွဲ့သွားရောက်မည်

အာဖရိကသို့ ဆန်စပါးဈေးကွက်ရှာဖွေရန်အတွက် လာမည့်အောက်တိုဘာလတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သွားရောက်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှသိရပါတယ်။ ဆန်စပါးဈေးကွက် သွားရောက်ရှာဖွေရာတွင် အစိုးရအဖွဲ့မှတာဝန်ရှိသူများပါဝင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုလိုက်ပါရန် ဖိတ်ကြားသွားမည်ဖြစ်ပြီး လက်ရှိတွင်ညှိနှိုင်းနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ထံမှသိရပါတယ်။

အာဖရိကဈေးကွက်သည် ဆန်အကျိုးအကြေများကိုသာ ဝယ်လိုအားများသည့်အတွက် အခြားဆန်အမျိုးအစားများနှင့် အရေအတွက် အများအပြားရောင်းချနိုင်ရန်ရည်ရွယ်၍ အာဖရိကသို့သွားရောက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်ကပြောကြားခဲ့ပါတယ်။ အဓိက က ဆန်အမျိုးအစားထက် များများ ဝယ်နိုင်ဖို့ကိုပဲဦးတည်တာပါ။ သူတို့ဘာလိုချင်လဲပေါ့။ သူတို့လည်း တဖြည်းဖြည်းနဲ့ ဆန်ကွဲအပြင် အဆင့်မြင့်ဆန်ဝယ်ယူမှု တိုးလာပါပြီ။ အဆင့်မြင့်ဆန်ကိုလည်း စိတ်ဝင်စားလာတဲ့အနေအထားရှိပါတယ်ဟု ၎င်းကပြောကြားခဲ့ပါတယ်။

အာဖရိကဈေးကွက်အနေနှင့် ဆန်ကွဲအပြင် အခြားအဆင့်မြင့်ဆန်များကိုလည်း စိတ်ဝင်စားမှုရှိလာပြီး လက်ရှိ၏မြန်မာ နိုင်ငံမှ ဆန်ဝယ်ယူနေသည့် ကိုယ်စားလှယ်များအနေနှင့် အရေအတွက်များများဝယ်ယူရန်နှင့် အခြားဝယ်ယူမည့် ဈေးကွက်

နိုင်ငံအသစ်များရှာဖွေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရပါတယ်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ အာဖရိကဈေးကွက်နိုင်ငံများသို့ ဆန်မက်ထရစ်တန်ချိန် ၅ သိန်းခန့်နှင့် ဆန်ကွဲမက်ထရစ်တန်ချိန် ၁၈၀၀၀ ကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပြည်ပ တင်ပို့မှုစာရင်းများအရသိရပါတယ်။

**Source: The Voice**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2327-rice-marketing-delegation-s-visit-to-africa.html

## အိန္ဒိယကားဈေးကွက်မှာ ကားသစ်ဝယ်ယူမှု ဆိုးဆိုးဝါးဝါးကျဆင်းနေ

အိန္ဒိယကားဈေးကွက်ထဲ ကျဆင်းမှုတွေကတော့ ပိုမိုဆိုးဝါးလာလျက် ရှိပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လက အိန္ဒိယကားဈေးကွက်ထဲ ကားရောင်းချရမှုဟာ ယမန်နှစ်အလားတူကာလကနဲ့ယှဉ်ရင် ၄၁ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အိန္ဒိယမော်တော်ကား ထုတ်လုပ်သူများအသင်းက ထုတ်ပြန်ပါတယ်။ဒါဟာ ဆယ်စုနှစ် နှစ်စုအတွင်း အကြီးဆုံး တစ်လတာ ကျဆင်းမှု ဖြစ်သလို ဆယ်လ ဆက်တိုက် ကျဆင်းမှုလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေတုန်းကတော့ အိန္ဒိယဟာ နိုင်ငံတကာ ကားထုတ်လုပ်သူတွေအတွက် အဓိကမျှော်လင့်စရာ နေရာတစ်ခုဖြစ်ခဲ့ပါတယ်။

Hyundai နဲ့ ယင်းရဲ့ လုပ်ငန်းခွဲ Kia တို့လို ကားကုမ္ပဏီကြီးတွေကလည်း ဒေါ်လာ ဘီလီယံများစွာ ရင်းနှီးမြှုပ်နှံပြီး အိန္ဒိယဈေးကွက်ထဲမှာ တိုးချဲ့မှုတွေ လုပ်ဆောင်ထားခဲ့ပါတယ်။ ယခုလိုကျဆင်းမှုမဖြစ်ခင် အိန္ဒိယဟာ ၂၀၂၀ မတိုင်ခင် ဂျာမနီနဲ့ဂျပန်ကိုကျော်ပြီး ကမ္ဘာ့တတိယအကြီးဆုံး ကားဈေးကွက်တောင်ဖြစ်လာမယ်လို့တော့ ခန့်မှန်းခံထားရတာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ ယင်းဈေးကွက်တွင်း ကျဆင်းမှုကြောင့် ယင်းနိုင်ငံက အကြီးဆုံးကား ထုတ်လုပ်သူတွေလည်း ရုန်းကန်နေရလျက်ရှိပါတယ်။ အွန်လိုင်းကတို့ အွန်လိုင်းရေးနဲ့ အိတ်ဇောငွေ့ထုတ်လွှတ်မှု စည်းမျဉ်းသစ်တွေကြောင့်လည်း ဈေးနှုန်းတွေ မြင့်တက်စေခဲ့ပါတယ်။ ဒါ့အပြင် စီးပွားရေးနှေးကွေးမှုကြောင့်လည်း ပြည်သူတွေအနေနဲ့ တန်ဖိုးကြီးအရာတွေနဲ့ ပတ်သက်လို့ ငွေသုံးစွဲဖို့ဆန္ဒမရှိသလောက်ဖြစ်နေရပါတယ်

**Source:** https://edition.cnn.com/.../frankfurt-motor-show-2.../index.html

SFJ Strategy First Journal

## တရုတ်က အမေရိကန်ကုန်စည် ၁၆ မျိုးကို အခွန်ကင်းလွတ်ခွင့်ပြု

အမေရိကန် ကုန်ပစ္စည်းအမျိုးအစား ၁၆ ခုကို ထပ်တိုးအခွန်အကောက်စာရင်းကနေ ကင်းလွတ်ခွင့်ပေးမယ် ဆိုပြီး တရုတ်ဘဏ္ဍာရေး ဝန်ကြီးဌာနက ကြေညာသွားပါတယ်။ အခွန်ကင်းလွတ်ခွင့်ပြုမယ့် ထုတ်ကုန်တွေထဲမှာတော့ တိရစ္ဆာန်အစာတွေ၊ ကင်ဆာ ဆေးဝါးတွေ၊ ချောဆီစတဲ့ ကုန်ပစ္စည်းတွေပါဝင်မယ်လို့သိရပါတယ်။ အဆိုပါ ကင်းလွတ်ခွင့်ပြုမှုကတော့ စက်တင်ဘာ ၁၇ ရက်ကနေ စတင်အသက်ဝင်မှာဖြစ်ပြီး လာမယ့် ၂၀၂၀ စက်တင်ဘာ ၁၆ အထိ အကျုံးဝင်နေမှာ ဖြစ်ပါတယ်။ ဒါဟာ လာမယ့်လမှာ တရုတ်နဲ့အမေရိကန်တို့အကြား အဆင့်မြင့်လယ်ဗယ်ကုန်သွယ်ရေး ဆွေးနွေးပွဲတစ်ရပ် ဝါရှင်တန်မှာကျင်းပဖို့ရှိနေချိန် ခုလိုတရုတ်ရဲ့ ကြေညာချက်ထွက်ရှိလာတာဖြစ်ပါတယ်။

ဒါဟာ ကာလကြာရှည်နေတဲ့ ကုန်သွယ်ရေးစစ်ပွဲကို ပြေလည်စေရေးအတွက် ထပ်မံကြိုးပမ်းလာတဲ့ ကြိုးပမ်းချက် တစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။ အမေရိကန်နဲ့တရုတ်တို့ကတော့ ၂၀၁၈ နှစ်စကစလို့ တစ်ဘက်နဲ့တစ်ဘက် ဒေါ်လာ ဘီလီယံများစွာတန်ကြေးရှိ ကုန်စည်တွေအပေါ် အပြန်အလှန်အခွန်တွေကောက်ရင်း ကုန်သွယ်ရေးစစ်ပွဲဖြစ်နေခဲ့တာ ဖြစ်ပါတယ်။

**Source:** https://www.cnbc.com/.../us-china-trade-war-beijing-releases-...

SFJ Strategy First Journal

## ပင်းတယမြို့နယ်တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရန် လက်ဖက်ပွဲတော်ကျင်းပမည်

ပင်းတယမြို့နယ်တွင် ဒုတိယအကြိမ်မြောက် လက်ဖက်ပွဲတော်ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၀၊ ၁၁၊ ၁၂ ရက်များတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုဆုံဆည်းရာဖျော်ဖြေရေးကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအခမ်းအနားတွင် ပင်းတယလက်ဖက်ယဉ်ကျေးမှုစက်ဂန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာနိုင်ငံသစ်သီးဂလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ တောင်သူများတက်ရောက်ပါဝင်သွားမည်ဖြစ်ကြောင်းသိရသည်။

ပင်းတယမြို့နယ်၊ တောင်ပေါ်ကြီးကျေးရွာမှ ပင်းတယလက်ဖက်ယဉ်ကျေးမှုစက်ဂန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ စီမံကိန်းမန်နေဂျာ ဒေါ်နန်းသရဖူတင့်က ပြီးခဲ့တဲ့နှစ်က တန်ဆောင်တိုင်နဲ့ရက်သွားတူတော့ တောင်သူတွေရော၊ ဧည့်သည်တွေလည်းအတော်လာကြတယ်။ ဒီတော့ဒီနှစ်မှာ တစ်ရက်ထပ်တိုးလိုက်တယ်။ ပွဲမှာတော့လက်ဖက်အပြင် တခြားထုတ်ကုန်တွေလည်း ပူးပေါင်းပါဝင်နိုင်မယ်။ စိုက်ပျိုးရေးအပိုင်းမှာဆိုရင် ဇီဝမြေဩဇာ၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စိုက်ပျိုးရေးစက်ပစ္စည်းကိရိယာ၊ နည်းပညာပေးတဲ့ကုမ္ပဏီတွေလည်း ပါဝင်လာနိုင်ဖို့ မျှော်မှန်းထားတယ်ဟုပြောသည်။ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများပူးပေါင်းပါဝင်ကာ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ပိုမိုအားကောင်းလာစေကာ၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် Eco Tourism အခန်းကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းနိုင်မည့် ရည်ရွယ်ချက်များလည်း ပါဝင်ကြောင်းသိရသည်။ ပွဲကနေ တောင်သူတွေတိုက်ရိုက်ရောင်းချနိုင်ဖို့ အော်ဂဲနစ်၊ ဂျီအေပီတွေနဲ့ စိုက်ရင် ကုန်သည်၊ ပွဲစားမလိုပဲဈေးကွက်ကို အရောက်ပို့နိုင်တယ်ဆိုတာကိုလည်း ဒီပွဲကနေအမြင်ရရှိစေမယ်။ ပြီးရင် ခရီးသွားဒေသဖြစ်တာကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေအတွက်လည်း ဖိတ်ခေါ်တဲ့ပုံစံမျိုးလည်းဖြစ်မယ်။ ထုတ်ကုန်တွေကိုလည်း ခရီးသွားတွေလေ့လာနိုင်မယ်။ ရိုးရာဓလေ့တွေကိုလည်း ဒီလိုပွဲတွေကနေ တစ်ဆင့်ပြသနိုင်မယ်ဟု ဒေါ်နန်းသရဖူတင့်က ဆက်လက်ပြောသည်။

လက်ဖက်ကဏ္ဍမှာ ပြည်ပသို့တင်ပို့မှုတန်ချိန် နည်းပါးသေးသော်လည်း မြန်မာနိုင်ငံအတွင်း ဓာတုပိုးသတ်ဆေးဝါးများ သုံးစွဲမှုမရှိဘဲ စိုက်ပျိုးထုတ်လုပ်ထားသည့်အတွက် နိုင်ငံတကာမှ စိတ်ဝင်စားနေသည့်အတွက် အလားအလာရှိသော စိုက်ပျိုးသီးနှံဖြစ်လာသလို၊ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေနိုင်မည့် သီးနှံအမယ် တစ်မျိုးလည်းဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2433759940042821?__tn__=K-R

## ဖရဲသီးဈေးကောင်းရ၍ ဝမ်းတွင်းတောင်သူများ ဝင်ငွေကောင်းနေ

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်မှာ ဒေသအခေါ် ဥမ္မာဒန္တီဖရဲသီး ဈေးကောင်းရတဲ့အတွက် စိုက်ပျိုးတဲ့တောင်သူတွေ ဝင်ငွေ ကောင်းပြီး အဆင်ပြေတယ်လို့ တောင်သူတွေကပြောပါတယ်။ ဖရဲသီးစိုက်တောင်သူဦးညီဆန်းက အသီးသီးလာရင် မြေကြီးနဲ့ထိတဲ့နေရာ အစိမ်းရောင်ပျက်သွားတယ်။ အစိမ်းရောင်မပျက်အောင် တုံးလေးတွေခံပေးရတယ်၊ တချို့လည်း ဖွဲအိတ်လေးတွေခံပေးတယ်။ ဥမ္မာဒန္တီဖရဲက အလုပ်မရှုပ်ဘူး။ တပင်ကို ၃လုံး ၄လုံး လောက်ယူလို့ရတယ်။ ဖရဲသီး ၁ လုံးကို အရင်း ၂၅၀ ကျပ်လောက်ပဲ ကျတယ်၊ စိုက်ပြီး ခူးဆွတ်ပြီး ရက်ပေါင်း ၉၀ လောက်ပဲကြာတယ်။ ၅ ရက်တခါလောက် ရေပေးနိုင်ရင် ဘယ်အချိန် စိုက်စိုက်ရတယ်။ ဖရဲတပင်နဲ့ တပင် ၂ ပေ၊ ၃ ပေ လောက်ခြားပြီး စိုက်တယ်၊ ၁ ဧကကို ဖရဲအပင် ၆ ထောင်လောက်စိုက်ကြတယ်လို့ ပြောပါတယ်။ ဖရဲသီးပွဲစား ဦးထွေးမောင်က ဒီဖရဲသီးမျိုးက ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ မျိုးပါ ထိုင်းကဝင်လာတုန်းက တူးဝမ်းဝမ်းမျိုးလို့ခေါ်တယ်။ ဒီအသီးတွေက စားလိုက်ရင်တော်တော်ချိုတယ်။ ထိုင်းဘက်ရော တရုတ်ဘက်ရော ၂ ဖက်လုံးကို တင်ပေးရတယ်။ ဇူလိုင်လသြဂုတ်လတွေတုန်းက ဖရဲသီးတလုံးကို ၁၂၀၀၊ ၁၃၀၀ လောက် ရောင်းရတယ်။ အခုတော့ ဖြိုင်ဖြိုင်ထွက်လာလို့ ဈေးနည်းနည်းကျတယ်၊ ပြည်တွင်းမှာတော့ တလုံးချင်း ၁ ထောင်ကျော် လောက်ရောင်းကြတယ်လို့ပြောပါတယ်။ ဝမ်းတွင်းတမြို့နယ်လုံးလုံးမှာ ဒေသအခေါ် ဥမ္မာဒန္တီဖရဲသီးစိုက်ဧက ၁ သောင်းခွဲ လောက်ရှိနေပါတယ်။ ဝမ်းတွင်းမြို့နယ် အရှေ့ဘက်အခြမ်းက ကင်းတားဆည်ရေသောက် လယ်ယာမြေတွေဖြစ်ပြီး အနောက်ဘက်အခြမ်းက ကန်ရေသောက်နဲ့မိုးကောင်းရေသောက် လယ်ယာမြေတွေဖြစ်ကြပါတယ်။

**Source: DVB TV News**

**https://www.facebook.com/kope.aung**

## နယ်စပ်လမ်းကြောင်းများ ပြန်ဖွင့်မှုကြောင့် မန္တလေးဈေးကွက်တွင် နှမ်းအရောင်းပြန်သွက်

တိုက်ပွဲတွေဖြစ်ပွားတာကြောင့် ပိတ်ထားရတဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေ အခုအချိန်မှာ ပြန်လည် အသုံးပြုသွားလာလို့ရလာတာကြောင့် မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ နှမ်းအရောင်းအဝယ်သွက်လာတယ်လို့ ကုန်သည်တွေကပြောပါတယ်။ နှမ်းဖြူ၊ နှမ်းနက်၊ နှမ်းညိုတွေကို မူဆယ်ကနေတစ်ဆင့် တရုတ်နိုင်ငံကိုတင်ပို့နေတာဖြစ်ပြီး ပြီးခဲ့တဲ့လကအဲဒီလမ်းတွေမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့တာကြောင့် နှမ်းအရောင်းအဝယ်အေးကာ ဈေးတွေကျနေခဲ့တာဖြစ်ပါတယ်။ နှမ်းအနက်ဆိုရင် (၂၅၀၀၀၀) ကနေ (၂၇၅၀၀၀)ကြား၊ နှမ်းဖြူဆိုရင် (၂၄၈၀၀၀)ကနေ (၂၅၅၀၀၀)ကြား၊ နှမ်းညိုဆိုရင် (၁၄၀၀၀၀)၊ (၁၄၃၀၀၀)။ အဲဒါတွေကလက်ရှိ အရောင်းအဝယ်သွက်နေတယ်ပေ့ါနော်။ တရုတ်ပြည်သွားနေတာ။ တစ်ပတ်၊ ဆယ်ရက်အတွင်းမပြောင်းဘူး။ ဒီအတိုင်းပဲလို့ ပဲ၊ နှမ်းကုန်သည် ဦးမောင်စိုးကပြောပါတယ်။ ဈေးကွက်ထဲမှာမိုးမိထားတဲ့ နှမ်းတွေ တော်တော်များများဝင်နေပေမဲ့ ဈေးကွက်လိုအပ်ချက်အရ နှမ်းဈေးကျမသွားဘဲ အရောင်းအဝယ်သွက်နေတာပဲဖြစ်ပါတယ်။ နှမ်းဈေးကွက်အလားလာနဲ့ပတ်သက်လို့ အဝယ်တော် ကိုစိုးက အခုလိုသုံးသပ်ထားပါတယ်။

လက်ရှိအနေအထားအရတော့ ပဲတီစိမ်းနဲ့နှမ်းတွေကတော့ လောလောဆယ်ကတော့ ဈေးကွက်သိပ်မအေးနိုင်သေးဘူး။ ဒီထပ်လည်းမတက်နိုင်သေးဘူး။ ပုံမှန်ဈေးကွက်ကိုပဲသွက်သွက်လေးသွားနေမှာ။ ဒါတွေကလည်းဘာကြောင့်ဖြစ်ရလဲဆိုရင် နယ်တွေမှာ မိုးရွာတယ်ဆိုရင် အဝင်နည်းမယ်၊ အဝင်နည်းလို့ လက်ဆုံမယ်ဆိုရင် ဈေးကမာမယ်။ ရာသီဥတုနည်းနည်းပွင့်လာလို့ နှမ်းကတိုးဝင်လာရင် ဈေးနည်းနည်းပြန်ဆင်းမယ်။ အဲဒီသဘောပဲလို့ ကိုစိုးကသုံးသပ်ပါတယ်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက်က နှမ်းတွေကို ကျောက်ဆည်၊ ကူမဲ၊မြစ်သား၊ ရေစကြို၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံနဲ့မလှိုင်စတဲ့ ဒေသတွေကနေ စိုက်ပျိုးတင်ပို့နေတာဖြစ်ပါတယ်။

**Source:** One News Myanmar

https://www.facebook.com/kope.aung

## ပြည်တွင်းရွှေဈေးနှင့် ကန်ဒေါ်လာငွေလဲနှုန်း အနည်းငယ်ပြန်တက်

ပြည်တွင်းဘဏ်လုပ်ငန်းဂယက် အထိုက်အလျောက်တည်ငြိမ်သွားပြီးနောက် ပြန်လည်ကျဆင်းသွားခဲ့သည့် ပြည်တွင်းရွှေဈေးသည် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးနှင့်အတူ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။ ပြည်တွင်းရွှေဈေးသည် စက်တင်ဘာလ ၅ရက်နေ့က တစ်ကျပ်သားလျှင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျပ် ၁၂၂၆၀၀၀ သို့ တစ်ဖြည်းဖြည်းပြန်လည်ကျဆင်းခဲ့သည်။ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၁၂၃၉၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ဈေးတက်လို့တက်တာပါ။ ကမ္ဘာ့ရွှေဈေးက ၁၄၉၅ နဲ့ မနက်ကဖွင့်တယ်။ အခု ၁၅၀၃ ဆိုတော့ ရှစ်ဒေါ်လာတက်သွားတာပေ့ါ။ ပစ္စည်းနည်းတော့ဝယ်လိုအားတော့ နည်းနည်းများနေသေးတယ်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ အမှုဆောင် ဦးလှအုန်းကဆိုသည်။

လက်ရှိတွင် ရွှေလုပ်ကွက်များကို အစိုးရမှ EITI အချက်အလက်များနှင့်အညီ လုပ်ကိုင်ခွင့်စီစစ်ချထားပေးခြင်း၊ ရေကြီးမှုကြောင့် ရွှေထွက်ရှိမှုနည်းနေခြင်းနှင့် ပြည်ပသို့ ရွှေများထွက်ရှိနေခြင်းတို့ကြောင့် ပြည်တွင်းတွင် ရွှေကုန်ကြမ်းရှားပါးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ ထို့အပြင် ပြည်တွင်းအမေရိကန်ဒေါ်လာအရောင်းအဝယ်အခြေအနေမှာလည်း အမှန်တစ်ကယ်လိုအပ်သူ များကသာဝယ်ယူနေပြီး စုဆောင်းရန်အတွက် ဝယ်ယူမှုမျိုးမရှိသလောက်နည်းပါးနေကြောင်း Myanmar Sunflower ငွေလဲကောင်တာမှ မှ မန်နေဂျင်း ဒါရိုက်တာ ဦးဝဏ္ဏထွန်းကဆိုသည်။

ပြည်တွင်းရှိ အမေရိကန်ဒေါ်လာငွေလဲနှုန်းသည် ပြည်တွင်းဘဏ်လုပ်ငန်းဂယက်နှင့်အတူ ဝယ်လိုအားများခဲ့ပြီး စက်တင်ဘာလ ပထမပတ်က ပြင်ပပေါက်ဈေး အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့သည်။ ထို့နောက် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂၉ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ စက်တင်ဘာလ ၁၂ရက်၊ နေလယ်ပိုင်းတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၄၀ ကျပ်သို့ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းဈေးကွက်မှသိရသည်။

**Source: Mizzima - News in Burmese**

https://www.facebook.com/kope.aung

## အများပိုင်ကုမ္ပဏီရှယ်ယာရောင်းဝယ်နိုင်မည့် ဒုတိယဈေးကွက်ဖော်ဆောင်မည်

စတော့အိတ်ချိန်းစာရင်းဝင်မဟုတ်သည့် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများ ရောင်းဝယ်နိုင်မည့် ဒုတိယအဖွဲ့အစည်း (Second Board) ကို ဖော်ဆောင်သွားမည်ဟု ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးငွေချွန်ကပြောသည်။ ရန်ကုန်စတော့အိတ်ချိန်းသည် စံနှုန်းသတ်မှတ်ချက်ကိုက်ညီသည့် စာရင်းဝင်အများပိုင် ကုမ္ပဏီများ၏ အစုရှယ်ယာများကိုသာ အရောင်းအဝယ်လုပ်ကိုင်နိုင်သည့်နေရာဖြစ်သည်။ သို့အတွက် စာရင်းဝင်မဟုတ်သည့် အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာများကိုလည်း ရောင်းဝယ်နိုင်မည့် နေရာတစ်ရပ်ထူထောင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ဒုတိယအဖွဲ့အစည်းတစ်ရပ် (Second Board) ဆိုတာကတော့ Main Board ဖြစ်တဲ့ စတော့အိတ်ချိန်းရဲ့ စံနှုန်းသတ်မှတ်ချက်တွေ မပြည့်မီသေးတဲ့ အများပိုင်ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို ရောင်းဝယ်နိုင်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့က ကောင်တာဈေးကွက် (Over the Counter Market) ကို ဖော်ဆောင်တာထက် ပိုပြီးလက်တွေ့ကျကျအောင်မြင်နိုင်ဖို့ ဒီကိစ္စကိုပဲ ဦးစားပေးပြီးလုပ်ဖို့လုပ်နေပါတယ်ဟု ဦးငွေချွန်ကပြောသည်။ ယခင်ကမူ စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီများ၏အစုရှယ်ယာများကို ပြန်လည်ရောင်းချနိုင်ရန် ကောင်တာဈေးကွက် (Over the Counter Market) ဖော်ဆောင်ခြင်းဖြင့်ဆောင်ရွက်ရန် ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင် SECM က ကြိုးပမ်းခဲ့သည်။ သို့သော်လည်း အကောင်အထည်မပေါ်ခဲ့ဘဲ ယခုအချိန်တွင် ယင်းအစား ဒုတိယအဖွဲ့အစည်း (Second Board) ကိုဖော်ဆောင်ရန် စီစဉ်လာခြင်းဖြစ်သည်။

စံနှုန်းသတ်မှတ်ချက်ပြည့်မီသည့် ကုမ္ပဏီများကသာ Second Board ဈေးကွက်တွင် ရှယ်ယာရောင်းဝယ်ခွင့် ရရှိမည်ဟု ဦးငွေချွန်က ပြောသည်။ သို့သော် ၎င်းစံနှုန်းများသည် ရန်ကုန်စတော့အိတ်ချိန်းတွင် သတ်မှတ်ထားသည့် စံနှုန်းများကဲ့သို့ မဟုတ်ဘဲ စံနှုန်းအချို့ကို ဖြေလျှော့သွားမည်ဟု ၎င်းကပြောသည်။ အခုချိန်ထိတော့ စံနှုန်းသတ်မှတ်တာနဲ့ သူတို့ (စာရင်းဝင်မဟုတ်သည့် အများပိုင်ကုမ္ပဏီ) ရဲ့ ရှယ်ယာအရောင်းကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတဲ့ အသေးစိတ်အချက်တွေကို ဆောင်ရွက်နေရဆဲဖြစ်တဲ့အတွက် ဒီနှစ်ထဲ (၂၀၁၉ ခုနှစ်)တော့ မဖြစ်နိုင်သေးဘူး။ လာမယ့် ၂၀၂၀ ခုနှစ်ထဲလောက် ဖြစ်အောင် ကြိုးစားနေတယ်ဟု ဦးငွေချွန်ကပြောသည်။

မြန်မာနိုင်ငံတွင် ယခင်က အများပိုင်ကုမ္ပဏီအရေအတွက် ၁၀၀ ကျော်အထိ ရှိခဲ့သော်လည်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများအားလုံး အသစ်ပြန်လည်မှတ်ပုံတင်ပြီးချိန်တွင် ၂၅၁ ခုသာ အသက်ဝင်ကုမ္ပဏီများအဖြစ် ကျန်ရှိတော့သည်။ ယင်းကုမ္ပဏီများအနက် အများပြည်သူသို့ ရှယ်ယာထုတ်ရောင်းထားသည့် ကုမ္ပဏီများလည်းရှိသည်။ ထိုကဲ့သို့ ထုတ်ရောင်းထားသော ရှယ်ယာများကို ပြန်လည်အရောင်းအဝယ်လုပ်ကိုင်နိုင်မည့် ဈေးကွက်တစ်ခုလိုအပ်လျက်ရှိသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## STOCK EXCHANGE (13.9.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 62 | 743,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 37,756 | 166,126,400 | 38,929,150 | 171,288 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 26,000 | +500 | +1.96% | 25,500 | 26,000 | 25,500 | 421 | 10,736,500 | 2,472,053 | 64,273 |
| TMH | 00005 | 3,100 | +50 | +1.64% | 3,000 | 3,100 | 3,000 | 767 | 2,339,300 | 12,823,224 | 39,752 |

## Market summary

As of 13th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 501.71 | +1.37 | +0.27% | 500.34 | 501.71 | 489.97 | 39,006 | 179,945,200 | 5 | 686,994 |

### Index chart




# Market Overview

As of 10:00 am, 13th Sep. 2019

| MYANPIX | 500.34 ▲0.00 |
|---|---|
| Total Volume (shares) | 10,041 |
| Total Value (MMK) | 44 mil |
| Listed Company | 5 |
| Market Cap. (MMK) | 685,117 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,400 | ▲0 |
| MCB | 00003 | 8,300 | ▲0 |
| FPB | 00004 | 25,500 | ▲0 |
| TMH | 00005 | 3,050 | ▲0 |